# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ

## မြန်မာနိုင်ငံ

စာစဉ် ၉ | ၁-၃၀ စက်တင်ဘာ ၂၀၁၄

OCHA



ကချင်၊ လိုင်ဇာမှ ဂျယ်ရန်စခန်းရှိ ကျောင်းမှ ကျောင်းသားတစ်ဦး

## ဤစာစဉ်တွင်

UNDP နှင့် OCHA ညွှန်မှူးများ ရခိုင်သို့ သွားရောက် စာ - ၁
ရခိုင်တွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ် စာ - ၂
ကချင်ပြည်နယ် ဒေသဖြတ်ကျော် ခရီးစဉ်များ စာ - ၃
ကချင် ပြန်လည်အခြေချမိသားစုများအတွက် အကူအညီ စာ - ၄
စက်တင်ဘာ ရေကြီးမှုကြောင့် လူ ၁၁,၀၀၀ နေရပ်စွန့်ခွာ စာ - ၅

## ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုအား ကူညီရန် လူသားချင်း စာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ လိုအပ်

UNDP အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဟောင်လျန်ရှုနှင့် UNOCHA လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ဂျွန်ဂင်းတို့ စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ်၊ ရန်ကုန်နှင့် နေပြည်တော်သို့ လာရောက်ခဲ့ကြသည်။ ယင်းခရီးစဉ်အတွင်း ၎င်းတို့သည် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ၊ အစိုးရတာဝန်ရှိသူများ၊ ဒုတိယသမ္မတနှင့် ပြည်တွင်းရှိ လူသားချင်းစာနာမှုအဖွဲ့များနှင့်တွေ့ဆုံခဲ့သည်။ ရခိုင်ပြည်နယ်တွင် မစ္စတာ ရှုနှင့် မစ္စတာ ဂင်းတို့သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာ NGO များက လူသားချင်းစာနာမှုအကူအညီများပေးအပ်နေသည့် စစ်တွေနှင့် ပေါက်တောမှ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ခဲ့သည်။ လူမှုဘဝပေါင်းစည်းရေး ပိုမိုခိုင်မာစေရန်နှင့် အခြေခံဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် UNDP နှင့် နိုင်ငံတကာ NGO များက ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်နေသော မင်းပြားနှင့် စစ်တွေမြို့နယ်များမှ ရွာများသို့လည်း သွားရောက်ခဲ့ကြသည်။

ခရီးစဉ်အဆုံးတွင် မစ္စတာ ရှုနှင့် မစ္စတာ ဂင်းတို့က ရခိုင်ပြည်နယ်တွင် ရှိစဉ် ဆိုးဝါးသော ဘေးဒုက္ခခံစားမှုများကို တွေ့ခဲ့သလို မျှော်လင့်ချက်အရိပ်အယောင်များလည်း တွေ့ခဲ့ကြောင်း ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်း စခန်းများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းရာတွင် တိုးတက်မှုများရှိခဲ့ပြီး လူထုအသိုင်းအဝိုင်းကြား တင်းမာမှုများကြောင့် ဘေးဒဏ်ခံနေရသော လူများ၏ လူသားချင်းစာနာမှုလိုအပ်ချက်များအား ဖြည့်ဆည်းရေးအတွက် များစွာ ဆက်လက်ဆောင်ရွက် ရန်လိုသေးကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ ရပ်ရွာလူထုအားလုံး၏ အကျိုးအတွက် ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း သဘောတူညီခဲ့ကြသည်။



မစ္စတာ ရှုနှင့် မစ္စတာ ဂင်းတို့ ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုထံ သွားရောက်တွေ့ဆုံစဉ်၊ စက်တင်ဘာ ၂၀၁၄။ ဓာတ်ပုံ - UNDP

## အဓိကအချက်များ

- ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုအား ကူညီရန် လူသားချင်း စာနာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ လို
- ရခိုင်ပြည်နယ် - အပြုသဘောဆောင်သော တိုးတက်မှုများရှိသော်လည်း ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီမှု ခက်ခဲနေသေး
- ကချင်ပြည်နယ်တွင် ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း ဒေသဖြတ်ကျော်ခရီးစဉ်များဖြင့် လူ ၃၀,၀၀၀ ထံရောက်ရှိ
- ပလနတွင် ပြန်လည်အခြေချသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အသက်မွေးဝမ်းကျောင်း အကူအညီ လိုအပ်
- ရေကြီးမှုများ ကြောင့် ရှမ်း၊ စစ်ကိုင်း၊ မွန်လေးနှင့် ဧရာဝတီတို့ တွင် ၁၁,၀၀၀ ဦး ကျော် နေရပ်စွန့်ခွာရ

## အဓိက ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၉,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| သီးခြားဖြစ်နေသော ရွာများမှ လူများ | ၅၀,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၅၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၉၉,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၂၀,၀၀၀ |

## ရန်ပုံငွေ

၁၉၂ သန်း (အမေရိကန်ဒေါ်လာ) တောင်းခံထား

၄၈% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM
* စက်တင်ဘာ ၁ ရက် ကရရှိသော UNHCR (CCCM) ကိန်းဂဏန်းများ

*"ဒီလူသားချင်းစာနာမှု အရေးအခင်းဟာ နိုင်ငံတကာ အောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်သွားအောင် ဖြေရှင်းဖို့ အလားအလာရှိပါတယ်။ ဒီအရေးပါတဲ့ အခွင့်အရေးကို လက်လွှတ်မခံဖို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"*
*OCHA လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ဂျွန်ဂင်း*

"ငြိမ်းချမ်းစွာ နေထိုင်ရေးကို အားပေးမယ့် ဖွံ့ဖြိုးရေးကိစ္စရပ်တွေကို အထူးအလေးထား ပြီးတော့ရခိုင်ပြည်နယ်အနှံ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို အရှိန်မြှင့်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်" ဟု မစ္စတာ ရှူက ပြောကြားသည်။ "ရပ်ရွာလူထုအားလုံးရဲ့ လိုအပ်ချက်တွေ ပြည့်ဝမှသာတည်ငြိမ် အေးချမ်းနိုင်မှာပါ။"

"ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းက ပဋိပက္ခဖြစ်စေတဲ့ အကြောင်းရင်းတစ်ခုပါ။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်ရေး တစ်ခုတည်းနဲ့တော့ မလုံလောက်ဘူးဆိုတာ ရှင်းပါတယ်" ဟု မစ္စတာ ဂင်းက ပြောကြားသည်။ "ရခိုင်ပြည်နယ်မှာ နိုင်ငံသားပြဿနာကို ဖြေရှင်းဖို့ တရားမျှတညီမျှတဲ့ နည်းလမ်းမရှိရင် မြန်မာနိုင်ငံမှာ ရေရှည် ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးတွေ ရှိလာမှာမဟုတ်ပါဘူး။ ဒီလူသားချင်းစာနာမှု အရေးအခင်းဟာ နိုင်ငံတကာ အောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်သွားအောင် ဖြေရှင်းဖို့ အလားအလာရှိပါတယ်။ ဒီအရေးပါတဲ့ အခွင့်အရေးကို လက်လွှတ်မခံဖို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။"

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အစိုးရတာဝန်ရှိသူများအနေနှင့် ဤပဋိပက္ခကို ပြေလည်စေမည့် နည်းလမ်းများရှာဖွေရန် ကတိကဝတ်ပြုထားကြောင်း မစ္စတာ ရှူနှင့် မစ္စတာဂင်းတို့က ပြောကြားခဲ့ကြသည်။ ရလာဒ်မှာ အားလုံးအတွက် တရားမျှတ၊ ညီမျှပြီး အထောက်အကူဖြစ်စေသော လူ့အခွင့်အရေးဖြစ်စေရန်အတွက် ဤလုပ်ငန်းစဉ်တွင် ပါဝင်ပူးပေါင်းကူညီရန် ကုလသမဂ္ဂအေဂျင်စီအားလုံးကိုလည်း ၎င်းတို့က တိုက်တွန်းခဲ့သည်။

**အစောပိုင်းကာလ ပြန်လည်ထူထောင်ရေး စီမံကိန်းများ ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ လူ ၈၅,၀၀၀ ကို ဦးတည်ထား**

UNDP၊ FAO နှင့် နိုင်ငံတကာ NGO များသည် ၂၀၁၄ ခုနှစ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြား ရပ်ရွာ စီမံကိန်းများဖြင့် ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းနှစ်ခုလုံးမှ လူ ၈၅,၀၀၀ အား ကူညီရန် မျှော်မှန်းထားသည်။ စီမံကိန်းများသည် (မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးခြင်းဖြင့်) အသေးစား စိုက်ပျိုးရေးလုပ်ငန်းများကို ပံ့ပိုးပေးပြီး ငွေကြေးအထောက်အပံ့၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ရပ်ရွာအခြေခံအဆောက်အဦး တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်းတို့ကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။ UNDP လုပ်ငန်းများသည် ရခိုင်နှင့် မွတ်စ်လင်မ်ရွာများကို ကူညီခြင်း၊ အသိုင်းအဝိုင်းနှစ်ခုလုံး အကျိုးရှိစေမည့် အခြေခံအဆောက်အဦး လိုအပ်ချက် ကို ဖြည့်ဆည်းပေးခြင်း၊ ရွာများကြား လုပ်ငန်းအတွက် ငွေကြေးအစီအစဉ်များ စီစဉ် ပေးခြင်းဖြင့် ပတ်ဝန်းကျင် သို့မဟုတ် ဆက်စပ်ရွာများတွင် နေထိုင်ကြသော လူထုအသိုင်းအဝိုင်းကြား လူမှုဘဝ ပေါင်းစည်းရေးကို အထောက်အပံ့ပေးရန် ရည်ရွယ်သည်။

# ရခိုင်ပြည်နယ် - အပြုသဘောဆောင်သော တိုးတက်မှုများရှိသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီမှု ခက်ခဲနေသေး

ရခိုင်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသော လူသားချင်းစာနာမှုအဖွဲ့များ ကြုံတွေ့ရသည့် အကြီးမားဆုံး စိန်ခေါ်မှုတစ်ခုမှာ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ထိခိုက်လွယ်သူများ ကျန်းမာရေး ဝန်ဆောင်မှုများကို လုံလောက်စွာ လက်လှမ်းမီစေရန် ဆောင်ရွက်ရေးဖြစ်သည်။ အထူးစိုးရိမ်ဖွယ်ရာမှာ လူထုအသိုင်းအဝိုင်းကြားတင်းမာမှုများကြောင့် ၂၀၁၂ ခုနှစ်ကတည်းက စစ်တွေ ဆေးရုံသို့ရောက်ရှိရန် အခက်အခဲ ကြီးမားစွာ ရင်ဆိုင်နေရသော ကယ်ဆယ်ရေးစခန်းမှ လူများအပါအဝင် မွတ်စ်လင်မ်များ ဖြစ်သည်။ ဆေးရုံသို့ လွှဲပြောင်းပေးရေးဝန်ဆောင်မှုများရှိသော်လည်း လက်တွေ့တွင် အခြေအနေ

အဆိုးဆုံးဖြစ်နေသော လူနာများသာ စစ်တွေဆေးရုံသို့ရောက်ရှိပြီး ယင်းတို့ပင်လျှင် မကြာခဏ နောက်ကျလေ့ရှိသည်။

တိုးတက်မှုတစ်ခုအနေဖြင့် မြောက်ဦးမြို့နယ်အတွင်းမှ မြောင်းဘွေဆေးရုံတွင် စက်တင်ဘာမှစ၍ အသည်းအသန်ဖြစ်နေသော မွတ်စ်လင်မ်နေရပ်စွန့်ခွာတိမ်းရှောင်သူများအား လွှဲပြောင်းပေးမှုကို စတင်လက်ခံလာသည်။ ထို့အတွက် ယခုအခါ မွတ်စ်လင်မ်များ ဆေးဝါးကုသမှု အသည်းအသန် လိုအပ်နေချိန်တွင် လက်လှမ်းမီနိုင်သော ဆေးရုံတစ်ရုံအစား နှစ်ရုံ ရှိလာပြီဖြစ်သည်။ ထို့ပြင် ဆေးပေးခန်းနှစ်ခု (ပေါက်တောရှိ ဆင်တက်မော်စခန်းနှင့် စစ်တွေမြို့ပြင်ရှိ သက်ကယ်ပြင်စခန်း) ကလည်း ၂၄ နာရီ ဝန်ဆောင်မှုများ ပေးအပ်နေသည်။ ပတ်ဝန်းကျင်စခန်းများနှင့် ရွာများမှ လူများလည်း ယင်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံမှုအရ ဤတိုးတက်မှုများရှိသော်လည်း ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုမှာ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF-H) နှင့် Malteser တို့လုပ်ငန်းများ မရပ်ဆိုင်းမီ၊ ၂၀၁၄ ဖေဖော်ဝါရီလနှောင်းပိုင်းကအခြေအနေထက် သိသာစွာ နိမ့်ကျနေသည်။

*ယခုအခါ မွတ်စ်လင်မ်များ ဆေးဝါးကုသမှု အသည်းအသန် လိုအပ်နေ ချိန်တွင် လက်လှမ်းမီနိုင်သော ဆေးရုံတစ်ရုံအစား နှစ်ရုံရှိလာပြီဖြစ်သည်။*

၂၀၁၄ စက်တင်ဘာ ၈ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက MSF-H နှင့် နားလည်မှုသဘောတူစာချွန်လွှာ အသစ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ MSF-H ၏ အစီရင်ခံမှုအရ ယင်းသဘောတူစာချွန်လွှာသည် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အဖွဲ့၏ ကျန်းမာရေးလုပ်ငန်းများအတွက် မူဘောင်တစ်ရပ်ကို ဖန်တီးပေးသည်။ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ MSF-H သည် လုပ်ငန်းများပြန်လည်စတင်ရေးအတွက် ပြည်နယ်တွင်းရှိ ရပ်ရွာလူထုကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးနှင့် ဆွေးနွေးမှုများ စတင်ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ထိခိုက်လွယ်သူများအတွက် အရေးပါသော ကျန်းမာရေးဝန်ဆောင်မှုများ ပြန်လည်စတင်နိုင်ရန် အချိန်ကာလ၊ ပုံစံများကို သတ်မှတ်ဆုံးဖြတ်ရခြင်းမရှိသေးဟု MSF-H က ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်း၊ နိုင်ငံတကာအဖွဲ့များမှ ကျန်းမာရေးဝန်ထမ်းများအပါအဝင် သီးခြား ကျန်းမာရေးအဖွဲ့များပါဝင်သော ပူးတွဲကျန်းမာရေးအဖွဲ့များသည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အခြားထိခိုက်လွယ်သော ရပ်ရွာလူထုအား ကျန်းမာရေးဝန်ဆောင်မှုများ ဆက်လက် ပေးအပ်လျက်ရှိသည်။

## ကချင်ပြည်နယ်တွင် သြဂုတ်နှင့် စက်တင်ဘာလများအတွင်း ဒေသဖြတ်ကျော်ခရီးစဉ်များဖြင့် လူ ၃၀,၀၀၀ ထံရောက်ရှိ

သြဂုတ်နှင့်စက်တင်ဘာလများအတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ NGO များသည် ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုပြင်ပ နယ်မြေများမှ လိုင်ဇာ၊ မိုင်ခေါင်၊ လာနာဇွတ်၊ ဘုမ်စစ်ပါနှင့် မိုင်ဂျာယန်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ယာယီစခန်းများသို့ ဒေသဖြတ်ကျော် ခရီးစဉ် ဆယ်ခု သွားရောက်ခဲ့သည်။ ဤယာဉ်တန်းများသည် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲ သုံးနှစ်ကျော်ကြာပြီးသည်အထိ ထိုဒေသများတွင် နေရပ်စွန့်ခွာတိမ်းရှောင်နေဆဲဖြစ်သော လူ ၅၀,၀၀၀ ထံ အကူအညီပေးရန် နိုင်ငံတကာအဖွဲ့များအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ပြည်တွင်း NGO များအနေဖြင့် ထိုဒေသများရှိ နေရပ်စွန့်ခွာတိမ်းရှောင်မိသားစုများထံ ပုံမှန်အကူအညီများပေးအပ်နေသော်လည်း အကူအညီအရည်အသွေးမြှင့်တင်ရေးအတွက် ဒေသခံ NGO များအား ပံ့ပိုးပေးရန် နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့များအနေဖြင့် ပုံမှန်တည်ငြိမ်သော သွားလာခွင့်လိုအပ်နေကြောင်း အကဲဖြတ်လေ့လာမှုများအရ သိရှိရသည်။



ရပ်ရွာအခြေပြုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနက် တစ်ခုဖြစ်သော စက်ချုပ်သင်တန်း။ ဓာတ်ပုံ - UNHCR/M. Savary

ဩဂုတ်နှင့် စက်တင်ဘာ ဒေသဖြတ်ကျော်ခရီးစဉ်များအတွင်း လူသားချင်းစာနာမှုအဖွဲ့များသည် လူ ၂၉,၉၀၀ ခန့်ထံ အကူအညီများ ပေးပို့ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က စက်တင်ဘာလတွင် လူ ၁၅,၀၀၀ အတွက် တစ်လစာ ရိက္ခာဖြန့်ဝေပေးခဲ့ပြီး ရေနှင့် ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးအကူအညီ ပေးအပ်နေသည့် အဖွဲ့အစည်းများက စခန်းငါးခုတွင် ရေသန့်စင်ရန် ဆေးပြား ၂၅၀,၀၀၀ ဖြန့်ဝေ ပေးခဲ့သည်။ UNHCR က စောင်၊ ခြင်ထောင် နှင့် အခြားမိသားစုသုံး အခြေခံပစ္စည်း များဖြန့်ဝေပေးခဲ့သည်။ UNICEF က ကျောင်းသုံး ပြဌာန်းစာအုပ်များ ပေးအပ်ခဲ့ပြီး လိုင်ဇာဒေသရှိ မူကြိုနှင့် မူလတန်းအရွယ် ကလေးသူငယ် ၂,၈၀၀ ဦးနှင့် ဆရာဆရာမ ၁၄၀ ဦးတို့အား ထောက်ပံ့ ပေးနေသော KMSS မှ အကောင်အထည်ဖော်နေသည့် ယာယီစာသင်ခန်းများနှင့် အစောပိုင်း ကာလကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို စောင့်ကြည့်လေ့လာခဲ့သည်။ ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ လင်ယောက်ျားမရှိသော အမျိုးသမီးများ၊ ကလေးများသော အမျိုးသမီးများ၊ ကျောင်းထွက်ထားသော ကျောင်းသားများနှင့် မသန်စွမ်းသူများအတွက် UNHCR ၏ အကူအညီနှင့် စက်ချုပ်သင်တန်းအပါအဝင် လူသားချင်း စာနာမှု အဖွဲ့များက ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများပေးအပ်ခဲ့သည်။

*လူအများ အပြား နေရပ်စွန့်ခွာတိမ်းရှောင်ပြီး စခန်းများတွင် နေထိုင်သည်မှာ သုံးနှစ်ကျော်ပြီဖြစ်သည့်အတွက် မှီခိုရာနေရာ၊ ရေသန့်စင် စနစ်များနှင့် အိမ်သာစသည်တို့မှာ သက်တမ်းကုန်လုပြီဖြစ်ကာ ပြန်လည် အစားထိုးပြုပြင်ပေးရန် လိုအပ်နေသည်။*

## နေရပ်စွန့်ခွာတိမ်းရှောင်သူများ အသက်မွေးဝမ်းကျောင်းအကူအညီလိုအပ်

ဒေသဖြတ်ကျော်ခရီးစဉ်များအတွင်း လူသားချင်းစာနာမှုအဖွဲ့များသည် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ဝန်ဆောင်မှုနှင့် အကူအညီများ လိုအပ်ချက်နှင့် လစ်ဟာချက်တို့ကို တွေ့ရှိခဲ့သည်။ လူအများအပြား နေရပ်စွန့်ခွာတိမ်းရှောင်ပြီး စခန်းများတွင် နေထိုင်သည်မှာ သုံးနှစ်ကျော်ပြီဖြစ်သည့်အတွက် မှီခိုရာနေရာ၊ ရေသန့်စင်စနစ်များနှင့် အိမ်သာစသည်တို့မှာ သက်တမ်းကုန်လုပြီဖြစ်ကာ ပြန်လည် အစားထိုးပြုပြင်ပေးရန် လိုအပ်နေသည်။ ဝင်ငွေရှာဖွေရန် နည်းလမ်းမရှိသော နေရပ်စွန့်ခွာမိသားစုများအတွက် အသက်မွေးဝမ်းကျောင်းအကူအညီလိုအပ်သည်။ ကျောင်းသားအရေအတွက်တိုးလာသည့်အတွက် မူလတန်းကျောင်းများတွင် စာသင်ခန်းမလုံလောက်ကြောင်းလည်း အကဲဖြတ်လေ့လာမှုများအရ တွေ့ရှိရသည်။ ထိခိုက်လွယ်သော အမျိုးသမီးများနှင့် မိန်းကလေးများမှာ နယ်စပ်ကိုကျော်၍ လူကုန်ကူးခံရနိုင်သည့် အန္တရာယ်ရှိသော နေရာများတွင် နေထိုင်နေရသည့်အတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာများလည်း ရှိသည်။

## ကချင် - ပလနတွင် ပြန်လည်အခြေချသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အသက်မွေးဝမ်းကျောင်း အကူအညီ ထပ်မံ လိုအပ်

*ကုလသမဂ္ဂနှင့် ကချင်ပြည်နယ်ရှိ လူသားချင်းစာနာမှုအဖွဲ့များသည် နေရပ်ပြန်မှုနှင့် ပြန်လည်နေရာချထားမှုများသည် လုံခြုံဘေးကင်းပြီး မိမိဆန္ဒအလျောက်ဖြစ်ကာ လုံလောက်သော သတင်းအချက်အလက်များအပေါ် အခြေခံမှုရှိစေရန်အတွက် ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။*

မေလ ၁၀-၁၁ ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရက မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများမှ နေရပ်စွန့်ခွာမိသားစု ၁၁၃ စုအား မြစ်ကြီးနားအနောက်ဖက် ကီလိုမီတာ ၂၀ ခန့်တွင် တည်ရှိသော ပလနရှိ အသစ်ဆောက်လုပ်ထားသော အိမ်များသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ စက်တင်ဘာ ၈-၁၃ ရက် တွင် UNDP က ပြောင်းရွှေ့အခြေချသော မိသားစုများအတွက် ရေရှည် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများနှင့် လူမှုဘဝ ပေါင်းစည်းရေးတို့ကို အကဲဖြတ်လေ့လာရန် ပလနသို့ သွားရောက်ခဲ့သည်။ အကဲဖြတ်လေ့လာမှုသည် ဘေးဒဏ်သင့်မိသားစုများအတွက် ရေရှည် ပြန်လည်ထူထောင်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပြန်လည်ပေါင်းစည်းရေးအခွင့်အလမ်းများ ဖန်တီးပေးမည့် UNDP ၏ အနာဂတ်လုပ်ငန်းများအတွက် သတင်းအချက်အလက်များရရှိရန် ရည်ရွယ်သည်။

အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အချို့ဝန်ဆောင်မှုများပေးအပ်ထားကြောင်း အကဲဖြတ်လေ့လာမှုအရတွေ့ရှိရသည်။ ယင်းတို့တွင် WFP နှင့် ACTED တို့မှ ခြောက်လစာ ရိက္ခာဝေမျှမှုနှင့် အစိုးရမှ ကလေးသူငယ်များအတွက် ယာယီစာသင်ခန်းများ ဆောက်လုပ်ပေးမှုတို့ပါဝင်ပြီး ကျောင်းတစ်ကျောင်းလည်း ဆောက်လုပ်လျက်ရှိသည်။ UNICEF မှ ထိုကျောင်းတွင် အိမ်သာနှင့် ရေတို့ စီစဉ်ပေးသွားမည်ဖြစ်သည်။ FAO သည် AVSI၊ ACTED တို့နှင့် ပူးပေါင်း၍ အိမ်တွင်းဥယျာဉ်ခြံအတွက် မျိုးစေ့နှင့် ကိရိယာများ ဖြန့်ဝေပေးထားသည်။ ရေကြောင့်ဖြစ်သော ရောဂါများအန္တရာယ်တိုးလာစေနိုင်သည့် ရေနုတ်မြောင်းများမရှိခြင်း မိုးရာသီတွင် ပြန်လည်နေရာချထားသောနေရာသို့ သွားလာနိုင်မှုမရှိခြင်း၊ ရေရှည် အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေရှာဖွေရေး အခွင့်အလမ်းများ လိုအပ်ခြင်းစသည့် ဖြေရှင်းရန်လိုအပ်သော လစ်ဟာမှုများကိုလည်း အကဲဖြတ်လေ့လာမှုအရ သိရှိရသည်။ ထိခိုက်လွယ်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများလည်း လိုအပ်နေသည်။

ကုလသမဂ္ဂနှင့် ကချင်ပြည်နယ်ရှိ လူသားချင်းစာနာမှုအဖွဲ့များသည် နေရပ်ပြန်မှုနှင့် ပြန်လည်နေရာချထားမှုများသည် လုံခြုံဘေးကင်းပြီး မိမိဆန္ဒအလျောက်ဖြစ်ကာ လုံလောက်သော သတင်းအချက်အလက်များအပေါ် အခြေခံမှုရှိစေရန်အတွက် ဒေသခံအာဏာပိုင်များနှင့်ပူးပေါင်းပြီး အကူအညီများဆက်လက်ပေးအပ်သွားမည်။

## စက်တင်ဘာလတွင် ရေကြီးမှုများကြောင့် လူ ၁၁,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ရ

စက်တင်ဘာလတွင် မြန်မာနိုင်ငံအနှံ့ ရေကြီးမှုများကြောင့် လူထောင်ပေါင်းများစွာ ဘေးသင့်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (RRD) ၏ အစီရင် ခံမှုအရ စက်တင်ဘာလတွင် ရေကြီးမှုကြောင့် လူ ၁၁,၅၀၀ ခန့် နေရပ်စွန့်ခွာခဲ့ရသည်။ အဆိုးဝါးဆုံး ဘေးဒဏ်သင့်သော ဒေသမှာ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်ဖြစ်သည်။ စက်တင်ဘာ ၅-၆ တွင် မြစ် ရေကြီးမှုဖြစ်ပွားခဲ့ပြီး လူ ၄,၀၀၀ ကျော်ကို ဘာသာရေးအဆောက်အဦများနှင့် မြို့တော်ခန်းမသို့ ယာယီ ကယ်ဆယ်ပြောင်းရွှေ့ပေးခဲ့ရသည်။ တိုင်ဖုန်းကလ်မယ်ဂီကြောင့် ရှမ်းပြည်နယ်ရှိ တာချီလိတ်၊ စစ်ကိုင်း တိုင်းဒေသကြီးရှိ ကသာ၊ မန္တလေးတိုင်းဒေသကြီးရှိ စဥ့်ကူနှင့် ရောဝတီတိုင်းဒေသကြီးရှိ အင်္ဂပူတို့တွင် ရေကြီးမှုများ ဖြစ်ပွားခဲ့သည်။ ထိုဒေသများတွင် ရေကြီးမှုနှင့်

လေပြင်းတိုက်ခတ်မှုများကြောင့် မိသားစု ၁,၂၅၀ ထိခိုက်ခဲ့ပြီး ခြောက်ဦးသေဆုံးခဲ့သည်။ လူ ၄,၆၀၀ ကျော်အား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ ပြောင်းပေးခဲ့ရပြီး အိမ်ခြေ ၁,၂၇၃ လုံး ပျက်စီးခဲ့သည်ဟု RRD က တင်ပြသည်။ အစိုးရနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က နေရပ်စွန့်ခွာမိသားစုများအား အစားအစာရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

## သဏ္ဍာန်တူလေ့ကျင့်ခြင်းများက ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုကို အားကောင်းစေ

*ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး ထိရောက်မှု ရှိစေရန်အတွက် လူသားချင်း စာနာမှု အဖွဲ့များနှင့် အစိုးရတို့ ကြား ခိုင်မာသော ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဆက်သွယ်မှုတို့ အဓိက ကျသည်။*



စက်တင်ဘာ ၂၃-၂၅ ရက်နေ့က အစိုးရဦးဆောင်သော သဏ္ဍာန်တူလေ့ကျင့်မှု။ ဓာတ်ပုံ - OCHA

သဘာဝဘေးကျရောက်လွယ်သော အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင် ထိရောက်စွာ တုံ့ပြန်ရေးနှင့် အသက်များကယ်ဆယ်ရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုမှာ အလွန်အရေးပါသည်။ စက်တင်ဘာ ၃ ရက်နေ့တွင် ကုလသမဂ္ဂ၊ INGO များ၊ ပြည်တွင်း NGO များ၊ ကြက်ခြေနီအဖွဲ့၊ အလှူရှင်များနှင့် အစိုးရဝန်ထမ်းများအပါအဝင် လူ ၁၄၀ ကျော်တို့ဖြင့် သဘာဝဘေးသဏ္ဍာန်တူလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ခဲ့သည်။ ထိုလေ့ကျင့်မှုသည် လူသားချင်းစာနာမှု အဖွဲ့များ၏ ကြီးမားသော သဘောဝ ဘေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစွမ်းရည်ကို စမ်းသပ်ရန် ရည်ရွယ်သည်။ ထို လေ့ကျင့် မှုမှ အဓိကကျသော အကြံပြုချက်များမှာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး ထိရောက်မှု ရှိစေရန်အတွက် လူသားချင်းစာနာမှုအဖွဲ့များနှင့် အစိုးရတို့ကြား ခိုင်မာသော ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဆက်သွယ်မှုတို့ လိုအပ်ခြင်းဖြစ်သည်။ ထို့ပြင် ကြီးမားသော သဘာဝဘေးဖြစ်ပွားသည့်အခါ တိုင်း ပြည်တွင်းသို့ လူသားချင်းစာနာမှု အကူအညီများ သယ်ဆောင်လာရာ၌ သွင်းကုန်စည်းမျဉ်းများကြောင့် အကူအညီ နှောင့်နှေးမှုမဖြစ်စေရန် ပိုမိုရှင်းလင်းသော လုပ်ထုံးလုပ်နည်းများလည်း လိုအပ်သည်။

သဘာဝဘေးတုံ့ပြန်မှုတွင် ပါဝင်သော အစိုးရနှင့် အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းရေးနှင့် သတင်းအချက်အလက်မျှဝေရေးကို ပိုမိုကောင်းမွန်စေရန်အတွက် စက်တင်ဘာ ၂၃ မှ ၂၅ ထိ မြန်မာနိုင်ငံအစိုးရက သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး သဏ္ဍာန်တူ လေ့ကျင့်မှု တစ်ရပ်ကို ဦးဆောင် ပြုလုပ်ခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချ ထားရေး ဝန်ကြီးဌာနမှ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လေ့ကျင့်မှုကို ဦးဆောင်ခဲ့ပြီး AHA စင်တာ၊ WFP၊ MRCS၊ UNDP နှင့် OCHA တို့က ပံ့ပိုးခဲ့ကြသည်။ ထိုလေ့ကျင့်မှုက အစိုးရ၊ ASEAN နှင့် နိုင်ငံတကာလူသားချင်းစာနာမှုအသိုင်းအဝိုင်းကြား ပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဆက်သွယ်မှုတို့ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေးအပ်ခဲ့သည်။

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇

- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။

United Nations OCHA Facebook www.facebook.com/OCHAMyanmar